

# ပွိုင့်

ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့

## ပွိုင့် – ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့ မျှော်မှန်းချက်ပန်းတိုင်

မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသားများသည် မိမိတို့၏ ဖြစ်တည်မှုဆိုင်ရာအခွင့်အရေးများရရှိ၍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအဆင့်၊ နိုင်ငံအဆင့်၊ အာရှနှင့် နိုင်ငံတကာအဆင့်တို့တွင် ကဏ္ဍအလိုက် ပါဝင်ဆောင်ရွက်နိုင်စေရမည်။

## ဦးတည်ချက်

ပွိုင့်-ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့သည် မတူကွဲပြားသောဌာနေတိုင်းရင်းသားများဖြင့်ဖွဲ့စည်းထားပြီး မြန်မာနိုင်ငံရှိဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများကို အကျိုးသက်ဆိုင်သူများနှင့် အတူတကွလက်တွဲ ကာကွယ်မြှင့်တင်ပေးခြင်းအားဖြင့် မိမိတို့၏ ရိုးရာဓလေ့၊ မြေယာ၊ ပိုင်နက်နယ်မြေနှင့် သယံဇာတအရင်းအမြစ်များကို ကိုယ်တိုင်ကိုယ်ကျ ရေရှည်တည်တံ့စေရန် စီမံခန့်ခွဲပိုင်ခွင့်ရှိစေရမည်။

## တန်ဖိုးထားမှုများ

- လူအချင်းချင်းတန်ဘိုးထားရန်။
- သဘာဝပတ်ဝန်းကျင်ကိုတန်ဖိုးထားရန်။
- ရိုးရာဓလေ့များအား တန်ဖိုးထားရန်။
- ပွင့်လင်းမြင်သာမှုရှိရန်။
- စုပေါင်းလုပ်ဆောင်ရန်။
- သင်ယူမှု/မျှဝေမှုများ ပြုလုပ်ရန်။
- ထိရောက်သပ်ရပ်စွာဖြင့် အောင်မြင်စွာလုပ်ဆောင်ရန်။

## ပွိုင့် – ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့အစည်း ဖြစ်တည်လာပုံ



ပွိုင့်-ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့အစည်းကို ၂၀၁၂ ခုနှစ် မတ်လတွင် စတင်တည်ထောင်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ဌာနေတိုင်းရင်းသားများ၏ အရေးအရာများအတွက် ဌာနေတိုင်းရင်းသားများကိုယ်တိုင် ဦးဆောင်၍ ကူညီဆောင်ရွက်ပေးသော လူမှုရေးအဖွဲ့အစည်းများမှာ ဘာသာရေးနှင့် လူမျိုးရေးကို အခြေခံ၍ လူသားချင်းစာနာထောက်ထားသော ဖွံ့ဖြိုးရေးလုပ်ငန်းများကိုသာ ဦးစားပေး လုပ်ဆောင်ကြပါ သည်။ ထို့ကြောင့် ဌာနေတိုင်းရင်းသားများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိအမြင် မြှင့်တင်ပေးသောကွက်လပ်ကို ဖြည့်စည်းပေးရန်နှင့် ဌာနေတိုင်းရင်းသားနှင့် စပ်ဆိုင်သည့် အခွင့်အရေးများ မြှင့်တင်ပေးရန် ပွိုင့်ကို ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ၂၀၁၀ရွေးကောက်ပွဲအပြီး နိုင်ငံတော်အစိုးရသစ် စတင်ခဲ့ချိန်မှစ၍ ဖွံ့ဖြိုးရေးဆိုင်ရာ ရင်းနှီးမြှုတ်နှံမှု စီမံကိန်းများစွာ ချမှတ်ခဲ့ပါသည်။ အများစုသောစီမံကိန်းများမှာ ယခင်က ပြည်တွင်းစစ်ဒဏ်ခံခဲ့ရသော ဌာနေတိုင်းရင်းသားတို့၏ ဒေသများတွင် ဆောင်ရွက်ခြင်းဖြစ်ပြီး ဌာနေတိုင်းရင်းသားအနေဖြင့် ငြိမ်းချမ်းရေးနှင့်ယှဉ်တွဲလာသော စီမံကိန်းများ၏ ကောင်းကျိုးဆိုးကျိုးကို တွေ့ကြုံခံစားရမည်ဖြစ်ပါသည်။ ထို့ကြောင့် ပွိုင့်အဖွဲ့အစည်းအနေဖြင့် ဌာနေတိုင်းရင်းသားများသည် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုနှင့် ကောင်းမွန်သော သဘာဝ အရင်းအမြစ်များကို စီမံအုပ်ချုပ်သော စီမံကိန်းများအားဖြင့် အကျိုးခံစားရရှိနိုင်ရန်အတွက် အတူလက်တွဲ ဆောင်ရွက်လျက်ရှိပါသည်။


**ပွိုင့် (ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့)**

အမှတ် (၆၈၇)၊ ကြို့ကုန်း ဇလမ်း(တောင်)၊ အရှေ့ကြို့ကုန်း၊ အင်းစိန် - ရန်ကုန်။

ရုံးဖုန်း / ၀၉-၂၅၄ ၂၄၉ ၄၉၄

ဖေ့(စ်)ဘွတ်လိပ်စာ / https://www.facebook.com/PromotionOf-IndigenousandNatureTogether

အင်တာနက်လိပ်စာ / www.pointmyanmar.org

အီးမေးလ် / point.org.mm@gmail.com


## ရည်ရွယ်ချက်များ

- မြန်မာနိုင်ငံအတွင်း ဌာနေတိုင်းရင်းသားဆိုင်ရာအခွင့်အရေးများကို အကျိုးသက်ဆိုင်သူများအားလုံးက လက်တွေ့အကောင်အထည်ဖော်လုပ်ဆောင်နိုင်ရန်အတွက် အသိပညာပေးခြင်းနှင့် လိုအပ်သောထောက်ကူမှုများ ပေးရန်။
- မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသားများသည် အခွင့်အရေးကို အခြေပြုသော ဖွံ့ဖြိုးရေးအသီးအပွင့်များ ခံစားရရှိစေရန်အတွက် မူဝါဒလျှောက်လဲခြင်းများ ဆောင်ရွက်ရန်။
- ဌာနေတိုင်းရင်းသားနေထိုင်ရာဒေသများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များနှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီးဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းဆောင်ရွက်ချက်များတွင် ပူးပေါင်းပါဝင်ရန်။
- မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသားများအနေဖြင့် အမျိုးသားအဆင့်၊ အာရှဒေသအဆင့်နှင့် နိုင်ငံတကာတို့တွင် ကွန်ယက်ချိတ်ဆက်ပါဝင်နိုင်ရန်အတွက် ကဏ္ဍအလိုက်ပေါင်းကူးအဖြစ် ပါဝင်ကူညီပေးရန်။

## ပွိုင့်-ရိုးရာဝန်းကျင် မြှင့်တင်ရေး အဖွဲ့အစည်း၏ တည်နေရာပြမြေပုံ













**1** ကနဦးလေ့လာ သုံးသပ်ခြင်း

**2** စီမံကိန်းနေရာ ရွေးချယ်ခြင်း

**3** လူထုသဘောထား ရယူခြင်း

**4** စီမံကိန်းလုပ်ငန်း များ အကောင် အထည်ဖော်ခြင်း

**5** လုပ်ငန်းများ ပြန်လည် သုံးသပ်ခြင်း

## စီမံကိန်း

- တိုင်းရင်းသားအခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
- (မြေယာ၊ သစ်တော၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ အခွင့်အရေးများ)

## စီမံကိန်းနေရာများ

၁။ မကွေးတိုင်း၊ ငဖဲမြို့နယ်ရှိ အရှိုချင်းရွာများ။

၂။ ပဲခူးရိုးမ (အလယ်၊ အနောက်၊ အရှေ့) ကရင်ကျေးရွာများ။

၃။ ရှမ်းပြည်နယ်တောင်ပိုင်း (ရွာငံမြို့နယ်၊ ခနုကျေးရွာများ)။

## အကောင်အထည်ဖော်သည့် လုပ်ငန်းများ

၁။ အမြင်ဖွင့်သင်တန်းများ (ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ **REDD+**၊ ဌာနေတိုင်းရင်းသားအခွင့်အရေး။

၂။ ကျေးရွာမြေပုံဆွဲခြင်း (ပုံစံ-၇ ထုတ်ပေးရန်မဟုတ်)။

၃။ သုသေသနပြုလုပ်ခြင်း။

၄။ စာစောင်များထုတ်ဝေခြင်း (တိုင်းရင်းသား ဘာသာစကားဖြင့် တင်ခြင်း)။

၅။ အခွင့်အရေးတောင်းဆိုခြင်းနှင့် မူဝါဒလျှောက်လဲခြင်း (စည်းရုံးလှုံ့ဆော်ခြင်း)- နိုင်ငံအဆင့်၊ နိုင်ငံတကာအဆင့်။

## ကျေးရွာမှရရှိမည့် အကျိုးကျေးဇူးများ

၁။ အမြင့်ဖွင့်သင်တန်းများ (သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အခွင့်အရေးများသိရှိလာခြင်း)။

၂။ မိမိအခွင့်အရေးများတောင်းဆိုလာနိုင်ခြင်း။

၃။ ခေါင်းဆောင်မှုများ တိုးတက်လာခြင်း။

၄။ ကျေးရွာမြေပုံများရှိလာခြင်းနှင့် ရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်မှု ဖော်ဆောင်နိုင်ခြင်း။

## စီမံကိန်းအချိန်

၂၀၁၆ . . . . . . . . . . . . . . လက်ရှိ . . . . . . . . . . . . . . . ၂၀၂၀